# ပထမအကြိမ်အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

## ၁၃ ရက်မြောက်နေ့ အစီအစဉ်

## [ ၂၂ - ၃ - ၂၀၁၁ ]

**(အင်္ဂါနေ့)**

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော်အစည်းအဝေး ၁၃ ရက်မြောက်နေ့အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစခုန်တိန့်ယိန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ဥပဒေပြင်ပ၌ လက်နက်စွဲကိုင်လျက် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသေးသည့် အဖွဲ့အစည်းများ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရှမ်းပြည်နယ် (မြောက်ပိုင်း) သို့ ဆန်သယ်ယူ ပို့ဆောင်ရေးကိစ္စ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **၂၀၀၀ စီစီအောက်အိမ်သုံး မော်တော်ယာဉ်ငယ်များ တင်သွင်းခွင့်**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဗညားအောင်မိုး(ခ)ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)၏ **ပင်လယ်ကမ်းခြေတွင် ငါးဖမ်းကြသော ဒေသခံများ ကြီးလေးသည့် အခွန်အကောက် ပေးဆောင်နေရခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ဘုံတလာရေတံခွန်တွင် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စက်ရုံတည်ဆောက် ပေးပါရန်** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း -

- ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

၇။ ဦးဗညားအောင်မိုး(ခ)ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)၏ **တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်သည့် တန်ဘိုးရရှိရေးအတွက် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးရန်** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၄ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။